


**အာရှဒေသရှိ ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများ၏ ပူးတွဲထုတ်ပြန်ချက်**

**အာရှဒေသဆိုင်ရာ ရှင်သန်ကျန်ရစ်သူများ အသိအမြင်ဖလှယ်ရေးအစီအစဉ်**

**၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈-၂၀ ရက်**

**ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ**

ကျွန်ုပ်တို့သည် ကမ္ဘောဒီးယား၊ နီပေါ၊ မြန်မာနှင့် တီမော်လက်စတေးနိုင်ငံများမှ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန်လ ၁၈ရက်နေ့မှ ၂၀ ရက်အထိ ပြုလုပ်သော Global Survivors Fund နှင့် Mukwege Foundation တို့မှ စီစဉ်သည့် “**အာရှဒေသဆိုင်ရာ ရှင်သန်ကျန်ရစ်သူများ အသိအမြင်ဖလှယ်ရေးအစီအစဉ်”** တွင် ပါဝင် တက်ရောက်၍ ကိုယ်တွေ့ အတွေ့အကြုံ များကို မျှဝေခြင်း၊ တစ်ဦးနှင့်တစ်ဦး သင်ယူခြင်းနှင့် အာရှဒေသတစ်ခုလုံးရှိ ရှင်သန်ကျန်ရစ်သူများ ကို ပံ့ပိုးရန်အတွက် အဓိက ဦးစားပေး အကြောင်းအရာများကို ဖော်ထုတ်ခဲ့ကြ

*With the support of*

dr. Denis Mukwege Foundation

GLOBAL SURVIVORS FUND
FOR AND WITH SURVIVORS OF CONFLICT-RELATED SEXUAL VIOLENCE

သည်။ ဤထုတ်ပြန်ချက်သည် ကျွန်ုပ်တို့၏ ဆွေးနွေးမှုများမှ ပေါ်ထွက်လာခြင်းဖြစ်ကာ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများ နှင့် ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်ရာတွင် ရှင်သန်ကျန်ရစ်သူများကို ဗဟိုပြု သည့် ပံ့ပိုးမှုများ ပြုလုပ်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အဓိက ဦးစားပေး အကြောင်းအရာများ ပါဝင်သည်။

**ကျွန်ုပ်တို့၏ ပူးတွဲတောင်းဆိုချက်များ**

၁။ ရှင်သန်ကျန်ရစ်သူများ အချင်းချင်း ဆက်သွယ်ချိတ်ဆက်နိုင်ရန်၊ ကုစားရန်၊ တစ်ဦးကိုတစ်ဦး ပံ့ပိုး ကူညီရန်နှင့် အတူတကွ လုပ်ဆောင်နိုင်ရန်အတွက် **ဘေးကင်းလုံခြုံသော နေရာများ** ဖန်တီးပေးပါ။

၂။ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာနှင့် လူမှုစီးပွားရေးဆိုင်ရာ (ဥပမာ- ငွေကြေး၊ နေအိမ်၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း) အထောက်အပံ့များအပါအဝင် **ရှင်သန်ကျန်ရစ်သူများ အတွက် ဘက်စုံ ပံ့ပိုးမှုများ**ကို ရရှိစေရန် ကူညီမှုအစီအစဉ်များ သို့မဟုတ် ပြန်လည်ထူထောင် ရေးအစီအစဉ်များမှတစ်ဆင့် ဖြည့်ဆည်းပေးပါ။ လိုအပ်ပါက ဘေးကင်းလုံခြုံသော ခိုလှုံရာနေရာ များနှင့် နေရာပြောင်းရွှေ့နိုင်ရေးအတွက် လိုအပ်သော အရေးပေါ် အထောက်အပံ့များ ကိုလည်း ဆောင်ရွက်ပေးပါ။

၃။ မမှန်ကန်သည့် သဘောထားများ၊ ရှက်စရာအဖြစ် ရှုမြင်ခြင်းများကို တိုက်ဖျက်ရန်နှင့် ရှင်သန် ကျန်ရစ်သူများ၏ ဘေးကင်းလုံခြုံမှုကို သေချာစေရန်အတွက် **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဖြစ်ပေါ်ရသည့် အကြောင်းအရင်းများနှင့် ယင်းအကြမ်းဖက်မှုများကြောင့် ရှင်သန် ကျန်ရစ်သူများ အပေါ် သက်ရောက်မှုများအကြောင်း အသိပညာ မြှင့်တင်ခြင်းများ ဆောင်ရွက်ပါ**။

၄။ မိမိပတ်ဝန်းကျင်ဒေသတွင်း၊ နိုင်ငံတဝန်းနှင့် အာရှဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ စသည်ဖြင့် အဆင့်အလိုက် **ရှင်သန်ကျန်ရစ်သူများအတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်များ အပါအဝင် တရားမျှတမှုနှင့် တာဝန်ယူမှုရှိ စေရေး တိုက်တွန်းလှုံ့ဆော်ပါ**။

ဤတောင်းဆိုချက်များသည် ကျွန်ုပ်တို့၏ ကိုယ်တွေ့အတွေ့အကြုံများအပေါ် အခြေခံထားပြီး အာရှ ဒေသရှိ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများ အားလုံး သဘောတူညီသည့် အဓိကဦးစားပေး အကြောင်းအရာများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အခြားသော ပါဝင်ပတ်သက်သူအားလုံးကို ရှင်သန်ကျန်ရစ်သူများ အတွက် ပံ့ပိုးရာတွင် ထိရောက်သော လုပ်ဆောင်မှုများ ဆောင်ရွက်ပေးရန် တိုက်တွန်းအပ်ပါသည်။

*With the support of*

dr. Denis Mukwege Foundation

GLOBAL SURVIVORS FUND
FOR AND WITH SURVIVORS OF CONFLICT-RELATED SEXUAL VIOLENCE